http://www.dhammadownload.com

အရှင်ဣန္ဒြိယ ( သျှင်မိုးဝေ )

# ဂုဏ်သရေရှိတဲ့လူ



http://www.dhammadownload.com

အရှင်ကုဏ္ဍိယ ( သျှင်မိုးဝေ )

# ဂုဏ်သရေရှိတဲ့လူ

ဓမ္မဒါနကုသိုလ်ရှင်

http://www.dhammadownload.com



(၃) ဒုက္ခချုပ်ငြိမ်းရာ-သစ္စာအမြင်

(၄) ဒုက္ခချုပ်ငြိမ်းကြောင်း-သစ္စာအမြင်တွေ ဝင်လာနိုင်တဲ့အထိ ကြည့်နိုင်၊ မြင်နိုင်၊ သိနိုင်အောင် အားထုတ်သွားရပါမယ်။

ဂုဏ်သရေရှိသူတို့ကို အထူးကြည်ညိုလျက်

**အရှင်ဣန္ဒြိယ(သျှင်မိုးဝေ)**

http://www.dhammadownload.com

ဓမ္မစက္ကလက်ဆောင် (၆)

# ဂုဏ်သရေရှိတဲ့လူ

## အရှင်ကုဏ္ဍိယ (သျှင်မိုးဝေ)



သို့ ..................................................

.................................................. အတွက်

မှ ..................................................

.................................................. ၏

အမှတ်တရ ဓမ္မဒါန

**သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ**

**အလှူအားလုံးတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏။**

http://www.dhammadownload.com



# "အမှာ"

သာသနာတော်နှစ် ၂၅၅၃-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၁-ခုနှစ်၊ တပို့တွဲလဆန်း(၁)ရက်၊ ၁၅-၁-၂၀၁၀(သောကြာနေ့)တွင် ရန်ကုန်တိုင်း၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မင်းကြီးမဟာမင်းခေါင်လမ်း၊ မြန်မာကျွန်းသစ် စက်မှုလုပ်ငန်းမိသားစုများ၏ 'ဓမ္မဒါန'တရား အလှူ၌ ဟောကြားသော 'လူ့ဂုဏ်ရည်တရားတော်'ကို 'ဓမ္မဒါန'စာအုပ်အဖြစ် ပြန်လည်ရေးသားထားပါသည်။



http://www.dhammadownload.com

# ဂုဏ်သရေရှိတဲ့လူ

## အခွင့်အခါကောင်းနဲ့ ကြုံရသူ

**မနုဿ ပဋိလာဘော စ**၊ လူ့ဘဝကိုရခြင်းလည်း ကောင်း၊ **သဒ္ဓမ္မဿ ဒေသနာ စ**၊ သူတော်ကောင်း တရားကို မြတ်စွာဘုရား ဟောကြားခြင်းလည်းကောင်း၊ **ယံ**၊ အကြင် အကြောင်းနှစ်ပါးသည်။ **သုဒုလ္လဘံ**၊ လွန်စွာ ရခဲလှ၏။ **ဣဒံ**၊ ဤရခဲသော အကြောင်းတရားနှစ်ပါး သည်။ **တဿ**၊ ထိုအခါကာလကောင်းနှင့် ကြုံနေရသူ အား။ **သမ္မုခီဘူတံ**၊ ယခုပင်လျှင် မျက်မြင်ကိုယ်တွေ့ ဖြစ်၍နေပေပြီ။

လူရယ်လို့ ဖြစ်လာပြီဆိုကတည်းက လူ့ဘဝရ လာခြင်းဆိုတဲ့ '**ဒုလ္လဘ-အခွင့်ထူး**' ကို လူတိုင်းလူတိုင်း ရရှိ ထားကြပါတယ်။ ဒီအခွင့်ထူးကို မရရှိနိုင်သူရယ်လို့ လောကမှာ ဘယ်သူမှ မရှိပါဘူး။

http://www.dhammadownload.com



အဲဒီလို လူ့ဘဝရလာခြင်းဆိုတဲ့ အခွင့်ထူးရှိတာခြင်း တူပေမယ့် ဘဝတစ်ခုမှာ လောကအခွင့်ထူးနဲ့ ပြည့်စုံသူရယ်၊ ဓမ္မအခွင့်ထူးနဲ့ ပြည့်စုံသူရယ်လို့တော့ ကွဲပြားခြားနားပါတယ်။ ဒီနေရာမှာတော့ လူ့ဘဝအခွင့်ထူးကို ရရှိထားသူတွေအတွက် လောကအခွင့်ထူး ပြည့်စုံနေရုံတွင်မကဘဲ ဓမ္မအခွင့်ထူးပါ ပြည့်စုံနိုင်ဖို့ '**ဂုဏ်သရေရှိတဲ့ လူတစ်ယောက်**'အကြောင်းကို ပြောလိုပါတယ်။

## အခွင့်အရေး(၂)မျိုး

လောကမှာ လူတိုင်းလူတိုင်းအတွက် "**လောကအခွင့်အရေးနဲ့ ဓမ္မအခွင့်အရေး**"ဆိုပြီး (၂)မျိုး ရှိတဲ့အထဲမှာ **လောကအခွင့်ရေး** ပြည့်စုံတယ်ဆိုတာက လူတစ်ယောက်အဖို့ လူတန်းစေ့အောင်နေနိုင် စားနိုင်တာ၊ ဝတ်နိုင်တာစတဲ့ လူနေမှုအဆင့်အတန်း ပြည့်စုံဖူလုံစွာနဲ့ ဘဝမှာအသက်ရှင် ရပ်တည်နေနိုင်တာကို ကြည့်ပြီး သတ်မှတ်ကြပါတယ်။

**ဓမ္မအခွင့်အရေး** ပြည့်စုံတယ်ဆိုတာကတော့ ဘဝ

http://www.dhammadownload.com


မှာ လူတစ်လုံး၊ သူတစ်လုံး ဖြစ်ရုံတွင်မကဘဲ လူဖြစ်မရှုံးရလေအောင် ခက်ခက်ခဲခဲ ကိုယ်ရလာခဲ့တဲ့ '**ဒုလ္လဘ**' ဆိုတဲ့ လူ့ဘဝကို အချိုးအစားမျှတစွာ တန်ဖိုးရှိစွာ ပညာရှိ သူတော်ကောင်းကြီးတွေရဲ့ ဓမ္မလမ်းညွှန်ချက်တွေနဲ့ အညီ ပြုမူကျင့်သုံးပြီး အသက်ရှင် ရပ်တည်နေနိုင်တာကို ကြည့်ပြီး သတ်မှတ်ရပါတယ်။

## အခွင့်အခါကောင်းကို လွန်သွားသူ

**မနုဿလာဘံလဒ္ဓါန၊ သဒ္ဓမ္မေ သုပ္ပဝေဒိတေ။**
**ယေခဏံ နာဓိဂစ္ဆန္တိ၊ အတိနာမေန္တိ တေ ခဏံ။**

**မနုဿလာဘံ လဒ္ဓါန**၊ လူ့ဘဝကို ရရှိနေပါလျက်။ **သဒ္ဓမ္မေ သုပ္ပဝေဒိတေ**၊ သူတော်ကောင်းတရားကို ကောင်းစွာဟောကြားအပ်ပါလျက်။ **ယေ**၊ အကြင်သူတို့သည်။ **ခဏံ**၊ လူဘဝ၌ ဓမ္မကိုကျင့်သုံးနိုင်ခြင်းဟူသော အခွင့်အခါကောင်းကို။ **နာဓိဂစ္ဆ န္တိ**၊ ရအောင် မယူမိလိုက်လေကုန်။ **တေ**၊ ထိုသူတို့သည်။ **ခဏံ**၊ အခွင့်အခါကာလကောင်းကို။ **အတိနာမေန္တိ**၊ အကျိုးမပြီး အချည်းနှီး ကျော်လွန်သွားကြလေကုန်၏''။

http://www.dhammadownload.com


လူ့ဘဝကို ရောက်လာခဲ့လို့ လူ့အဖြစ်ကိုရပြီး မြတ်စွာဘုရား ဟောကြားတော်မူတဲ့ သူတော်ကောင်း တရားတွေကို လိုက်နာကျင့်သုံးနိုင်ခြင်း လုံးဝမရှိသူဟာ အခွင့်အခါကောင်းကို ကျော်လွန်သွားသူပါပဲတဲ့။

## ဓမ္မအခွင့်အရေးဆုံးရှုံးသူများ

လောကမှာ မွေးရာပါ ကံအကြောင်းချို့ယွင်းချက်တွေကြောင့် ဘဝရဲ့ဓမ္မအခွင့်အရေး အလိုလို ဆုံးရှုံးနေသူတွေလည်း ရှိပါတယ်။ ပြီးတော့ မွေးရာပါကံအကြောင်းကြောင့်မဟုတ်ဘဲ ရခဲတဲ့အခွင့်ထူးတွေ မိမိရှေ့မှောက်မှာ ကိုယ်တိုင် ကြုံတွေ့နေရပါလျက်နဲ့ ကိုယ်က မိမိရရ မယူလိုက်နိုင်တာကြောင့် ဘဝရဲ့ ဓမ္မအခွင့်အရေးကို ကျော်ရာ, ချော်ရာရောက်ပြီး ဆုံးရှုံးသွားသူတွေလည်း ဒုနဲ့ဒေးပါပဲ။

အဲဒီနှစ်မျိုးမှာ မွေးရာပါကံအကြောင်း ချို့ယွင်းလို့ ဓမ္မအခွင့်အရေး ဆုံးရှုံးနေသူတွေက ဘယ်လိုပုဂ္ဂိုလ်မျိုးတွေလဲ?။ မြတ်စွာဘုရားက "**အဋ္ဌိမေ ဘိက္ခဝေ အက္ခဏာ**

http://www.dhammadownload.com


**ဖြဟ္မစရိယဝါသာယ**'' မဂ္ဂအခွင့်အရေး လုံးဝဆုံးရှုံးနေသူတွေ (၈)မျိုးတိတိ ရှိတယ်လို့ ဟောကြားပါတယ်။

အဲဒီ(၈)မျိုးကတော့ အားလုံး ကြားဖူးထားကြတဲ့ ရပ်ပြစ်(၈)ပါးမှာ ကျရောက်နေရသူတွေပါ။

၁။ မြတ်စွာဘုရားပွင့်ထွန်းတော်မူပြီး သစ္စာတရားကို ဟောကြားပါလျက်နဲ့ ငရဲမှာ ကျရောက်နေရသူ။

၂။ တိရစ္ဆာန်ဘဝ ရောက်နေရသူ။

၃။ ပြိတ္တာ(အသူရကာယ်)ဘဝ ရောက်နေရသူ။

၄။ အသက်တမ်းရှည်လွန်းတဲ့ အသညသတ် ဗြဟ္မာ၊ အရူပဗြဟ္မာဘဝ ရောက်နေရသူ။

၅။ ပစ္စန္တိမဇနေပုဒ်အရပ်တို့၌ လူဖြစ်နေရသူ။

၆။ မဇ္ဈိမဒေသအရပ်၌ လူဖြစ်သော်လည်း မိစ္ဆာဒိဋ္ဌိ ဖြစ်နေသူ။

၇။ သမ္မာဒိဋ္ဌိဖြစ်သော်လည်း ဒုပ္ပညခေါ် ပညာမဲ့သူ သုဂတိ အဟိတ်လူ။

၈။ ပညဝန္တခေါ် ပညာရှိသူ တိဟိတ်လူမျိုး ဖြစ်သော်လည်း ဘုရားမပွင့်သောကမ္ဘာမှာ လူဖြစ်သူပါ။

"ဘုရားပွင့်ခါ၊ ပါယ်သုံးရှာနှင့်၊ ဒီဃာယုနတ်၊ ဖြစ်လတ်ပစ္စန်၊ မိစ္ဆာဉာဏ်ရှိ၊ ဉာဏ်မရှိသား၊ ဉာဏ်ရှိ ငြားလည်း၊ ဘုရားမဖြစ်၊ ကျမ်းဂန်လှစ်သည်၊ ရပ်ပြစ်ရှစ် ပါး သရုပ်တည်း"တဲ့။

## ဓမ္မအခွင့်အရေးကို အသုံးချနိုင်သူ

အဲဒီလို မိမိတို့ အတိတ်ကုသိုလ်ကံ အားနည်းမှုကြောင့် ဓမ္မအခွင့်အရေး ချို့တဲ့နေသူ(၈)မျိုးကို ဖယ်ကြည့်လိုက်ရင် ဓမ္မအခွင့်အရေးနဲ့ ပြည့်စုံနိုင်သူဟာ "**ခဏော ခဏော ဗြဟ္မစရိယဝါသာယ**"ဘုရားပွင့်ထွန်းတော်မူပြီး သစ္စာတရား ဟောကြားတဲ့အချိန်မှာ တိဟိတ်ပဉ္စဝန်ဆိုတဲ့ လူအဖြစ်ကို ရရှိနေသူတစ်ယောက်ပဲ ရှိတယ်ဆိုတာ သတိပြုစရာပါ။

အဲဒါကြောင့် "**အလံ ဝါယမိတုံ တတ္ထ၊ အတ္တကာ မေန စွဿုမာ**"**အတ္တကာမေန စွဿုမာ**၊ မိမိအကျိုးစီးပွား ကို လိုလားသူသည်။ **တတ္ထ**၊ ထိုအခွင့်အခါ ကာလ ကောင်းနှင့် ကြုံဆုံနေရာ ယခုလိုအခါမျိုးမှာ။ **ဝါယမိတုံ**၊ တရားအလုပ်ကို ကြိုးစားအားထုတ်ခြင်းငှါ။ **အလံ**၊ သင့်တော်လှချေ၏။

**"ကထံ ဝိဇညာ သဒ္ဓမ္မံ၊ ခဏော ဝေ မာဉပစ္စဂါ"။**

**ခဏာတီတော၊** ခဏကောင်းကို ကျော်လွန်သွားသူသည်။**သဒ္ဓမ္မံ၊** သူတော်ကောင်းတရားကို။ **ကထံ ဝိဇညာ၊** အဘယ်သို့လျှင် သိနိုင်ပါမည်နည်း။ **ဝေ၊** စင်စစ်။ **ခဏော၊** အချိန်အခါကာလကောင်းသည်။ **မာဉပစ္စဂါ၊** သင့်အတွက် ကျော်လွန်ပျက်ကွက်၍ မသွားပါစေလင့်။

**"ခဏာတီတာ ဟိ သောစန္တိ၊ နိရယမှိသမပ္ပိတာ"**

**ခဏာတီတာဟိ၊** အခွင့်အခါ ကာလကောင်းကို ကျော်လွန်သွားသူတို့သည်။ **နိရယမှိ၊** အပါယ်ငရဲ၌သာ။ **သမပ္ပိတာ၊** ဆင်းရဲဒုက္ခ နှိပ်စက်ခံကြရကုန်သည်ဖြစ်၍။ **သောစန္တိ၊** စိုးရိမ်ပူဆွေး စိတ်မအေး ဖြစ်ကြရကုန်၏" လို့ ပညာရှိ သူတော်ကောင်းကြီးတွေက သတိပေး ဆုံးမတော်မူခဲ့ကြပါတယ်။ သတိပြုစရာ၊ သံဝေဂယူစရာ အင်မတန်မှ ကောင်းလှပါတယ်။

## ဂုဏ်သရေရှိတဲ့ လူ့ဘဝ

သတ္တလောကသားတွေ ဖြစ်တည်ကြရာ(၃၁)ဘုံထဲမှာ လူ့ဘုံဟာ တခြားဘုံဘဝတွေထက် ကုသိုလ်ပြုရန်

http://www.dhammadownload.com


လွယ်ကူတဲ့အတွက်ကြောင့် ဘုရား၊ ပစ္စေကဗုဒ္ဓါတွေနဲ့ အဂ္ဂသာဝက၊ မဟာသာဝကစတဲ့ သူတော်ကောင်းကြီးတွေဟာ လူ့ဘဝမှာပဲ လူအဖြစ်ကို ရယူပြီး ပါရမီတော်(၁၀)ပါး၊ စရိယ(၃)ပါး စတာတွေကို ဖြည့်ကျင့်တော်မူကြပါတယ်။

လူအဖြစ်နဲ့ပဲ သဗ္ဗညုတဘုရား၊ ပစ္စေကဗုဒ္ဓါဘုရား၊ အဂ္ဂသာဝက၊ မဟာသာဝက၊ ရဟန္တာစတဲ့ လောကုတ္တရာဂုဏ်တွေ ပြည့်စုံတော်မူကြတာပါ။ လောကီဂုဏ်အရာမှာ ထိပ်ဆုံးဖြစ်တဲ့ စကြဝတေးမင်းတွေဆိုလည်း လူ့ဘဝမှာပဲ လောကဂုဏ်၊ ဓမ္မဂုဏ်တွေ ပြည့်စုံခဲ့ကြတာပါပဲ။

ဒါကြောင့် လူ့ဘဝ ရောက်လာခဲ့သူတွေဟာ အလောင်းတော်မြတ်ကြီးတွေရဲ့ ပါရမီ ဖြည့်ဆည်းရာဘဝဖြစ်တဲ့ ပါရမီကုသိုလ်အကြောင်းတွေ စုပေါင်းပြီး နိဗ္ဗာန်လမ်းခင်းနိုင်တဲ့ ဘဝမျိုးကို ရောက်ရှိနေသူဖြစ်လို့ အင်မတန်မှကို ဂုဏ်သရေ ရှိလွန်းလှပါတယ်။

လူ့ဘဝမှတစ်ပါး တခြားဘုံတွေမှာဆိုရင် ဘဝဂ်ခေါ်တဲ့ (၃၁)ဘုံမှာ အမြင့်ဆုံးဘုံမျိုးကို ရောက်ရှိသွားတဲ့ အာဠာရရသေ့နဲ့ ဥဒကရသေ့တို့ကို **မဟာဇာနိယော**

http://www.dhammadownload.com


**ဝတ သော**"၊အချင်းတို့၊ အာဠာရ၊ ရသေ့၊ ဥဒကရသေ့တို့ဟာ အရှုံးကြီး ရှုံးပေစွတကားလို့ မြတ်စွာဘုရား ဘုရားဖြစ်တော်မူစက ကျူးရင့်ညည်းညူတော် မူခဲ့ပါတယ်။

## မချမ်းသာပေမယ့် မဆင်းရဲတဲ့လူ

လောက(၃)ပါးထဲမှာ ဖြစ်တည်ရှင်သန်နေကြတဲ့ သတ္တဝါတွေကို အကောင်း၊ အဆိုးဆိုတဲ့ ဂုဏ်အနေနဲ့ ခွဲခြားကြည့်တဲ့အခါ နတ်ပြည်(၆)ထပ်နဲ့ ဗြဟ္မာ့ပြည် (၂၀)မှာ နေကြတဲ့သတ္တဝါတွေကို '**ကေန္တသုခ**' စင်စစ် ချမ်းသာ နေသူတွေလို့ ဆိုရပါတယ်။

နတ်တွေဗြဟ္မာတွေရဲ့ဘဝဆိုတာ ကုသိုလ်ကံရဲ့ အကျိုးတစ်မျိုးတည်းကိုပဲ အမှီပြုပြီး အသက်ရှင်နေကြတာ ဖြစ်လို့ပါ။ သူတို့နတ်ဗြဟ္မာတွေရဲ့ဘဝမှာ ချောင်းဆိုး၊ ရင်ကြပ်ကအစ သားကျွေးမှု၊ မယားကျွေးမှုအဆုံး မီးပျက်၊ ရေပျက်စတဲ့ ဒုက္ခမျိုးတွေဟာ ယာယီအနေနဲ့ ကံကြောင့် ချုပ်ငြိမ်းနေကြတာပေါ့။

ဆန့်ကျင်ဘက်အနေနဲ့ ကြည့်ပြန်ရင်လည်း ငရဲကြီး(၈)ထပ်မှာ နေကြတဲ့သတ္တဝါတွေကို '**ကေန္တဒုက္ခ**'

http://www.dhammadownload.com


စင်စစ် ဆင်းရဲနေသူတွေလို့ ဆိုရပါတယ်။

သူတို့ ငရဲသူငရဲသားတွေဆိုတာက အကုသိုလ်ကံရဲ့အကျိုး တစ်မျိုးတည်းပဲ အမှီပြုပြီး အသက်ရှင်နေကြတာမို့ပါ။ လူ့ပြည်မှာ ခြင်ကိုက်တာ၊ ကြမ်းပိုးထိုးတာတွေလောက်ကို ဒုက္ခလို့ မဆိုရသလိုပေါ့။

ငရဲပြည်မှာဆိုရင် ချောင်းဆိုး၊ ရင်ကြပ်စတဲ့ဒုက္ခမျိုး၊ မီးပျက်၊ရေမလာစတဲ့ ဒုက္ခမျိုးတွေဟာ မပြောပလောက်တော့ပါဘူး။ ဒါ့ကြောင့်လည်း သူတို့ငရဲသူ၊ ငရဲသားတွေဆီမှာ အမြဲမီးအပြည့်၊ ရေအလျှံ ဖြစ်နေကြတာပေါ့။

သူတို့အတွက် ကုသိုလ်ကံရဲ့အကျိုးပေးသုခတွေဟာ အကုသိုလ်ကံကြောင့် ယာယီအနေနဲ့ ဘေးဖယ်ခံနေကြရတာပဲ။

ပြီးတော့ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်တွေကိုတော့ ငရဲကြီး(၈)ထပ်လောက် ဒုက္ခမများပေမယ့် လူတွေထက်ပိုပြီး ဆင်းရဲများလွန်းလှတာမို့ '**ဒုက္ခဗဟုလ**'လို့ ခေါ်ရပါတယ်။ ကိုယ့်မျက်စိရှေ့မှာ ကိုယ်ထင်ရှား မြင်နေရတဲ့ ခွေးတို့၊ ဝက်တို့၊ ကြောင်တို့ကိုပဲ ကြည့်ပေါ့။

သူတို့ခမျာ စားဖို့၊နေဖို့၊ဝတ်ဖို့အတွက်ကို ဘယ်မှာ

http://www.dhammadownload.com



ရှာမှာလဲ? ဘယ်လိုလုပ်ရင် စားဝတ်နေရေးတွေ အဆင်ပြေမလဲ? နဂိုကထက်ပိုပြီး ကြီးပွားတိုးတက်အောင် ဘယ်လိုလုပ်မှာလဲ? စသည်စသည်တွေကို မသိနိုင်လို့ကိုဘဲ သူတို့ကို တိရစ္ဆာန်လို့ အမည်ရထားတာလေ။

ဒီတော့ စားဝတ်နေရေးကအစ ကျန်းမာရေးအဆုံး အရာအားလုံးဟာ သူတို့မှာ ဘယ်လိုလုပ်ပြီး သုခဆိုတာ ဖြစ်နိုင်မှာလဲ။ အဆင်ပြေပြေ မပြေပြေ၊ ကံအကျိုးပေး သမျှနဲ့ပဲ မကျေနပ်လည်း နေကြရ၊ သေကြရရှာတဲ့ သူတို့ ဘဝဟာ လူတွေထက်စာရင် အင်မတန်ဒုက္ခများလွန်းလှ ပါတယ်။

လူတွေမှာတော့ အဲဒီလိုမဟုတ်ပါဘူးနော်။ နတ်တွေဗြဟ္မာတွေလို သုခချည်းလည်း မဟုတ်သလို ငရဲသူငရဲသားတွေလို ဒုက္ခချည်းလည်းမဟုတ်တော့ အကောင်းဆုံး မဖြစ်တောင်မှ အဆိုးဆုံး မဟုတ်တာတော့ သေချာနေပါတယ်။ ကိုယ့်အထက်ကို မော်ကြည့်လို့ နိမ့်ကျတယ် ထင်ရပေမယ့် ကိုယ့်အောက်ကို ငုံ့ကြည့်လိုက်ရင် မြင့်မြတ်လွန်းတာကို အထင်အရှား တွေ့မြင်မှာပါပဲ။

နောက်ဆုံး ကိုယ်နဲ့သိပ်ပြီး မနီးမဝေးလွန်းတဲ့

http://www.dhammadownload.com



တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တွေကို လှမ်းကြည့်လိုက်ရင်တောင် သူတို့ထက်စာရင် လူ့ဘဝဟာ ဘယ်လောက်သုခပေါကြွယ်ဝလှသလဲ? ပြီးတော့ ဘယ်လောက် ဂုဏ်ယူစရာကောင်းသလဲ? ကိုယ်တိုင် တွေးကြည့်ပေါ့။

အဲဒါကြောင့်လည်း လူ့ဘဝ ရရှိနေသူတွေဟာ နတ်ဗြဟ္မာတွေလောက် မချမ်းသာလွန်းပေမယ့် အပါယ်(၄)ဘုံသားတွေထက် ချမ်းသာလွန်းလို့ '**သုခဗဟုလဂုဏ်**' ရရှိနေကြတာကို ဂုဏ်ယူလိုက်စမ်းပါ။

## မွေ့ဂုဏ်သရေ ပြည့်နေဖို့

လူ့ဘဝကို ရရှိနေသူ လူသားတစ်ယောက်အနေနဲ့ နတ်,ဗြဟ္မာတွေလို ချမ်းသာသုခတွေ ဖုံးလွှမ်းမနေလို့ ကုသိုလ်ကောင်းမှုတွေမှာ မေ့လျော့နေတတ်တဲ့ '**ပမာဒ**' တရား၊ ပြီးတော့ အပါယ်(၄)ဘုံသားတွေလို ဆင်းရဲဒုက္ခတွေ အားကြီးလွန်းလှလို့ စိတ်မသက်သာရမှု '**ဒေါမနဿ**'တရားတွေကို ပင်ကိုယ်အနေနဲ့ ပယ်ရှားနိုင်ပြီး ကုသိုလ်သုစရိုက်တရားတွေကို ပြန့်ပွားနိုင်ခြင်း၊ သူတော်ကောင်းကို ပေါင်းသင်းဆည်းကပ်နိုင်ခြင်းစတဲ့

http://www.dhammadownload.com



ဓမ္မအခွင့် အရေးတွေဟာ ရရှိနေကြပြီးသားပါ။

အဲဒီလို ဓမ္မအခွင့်အရေးရှိနေပေမယ့်လည်း သတိ၊ ပညာတွေနဲ့ယှဉ်ပြီး တစ်ဆင့်ထက်တစ်ဆင့် မြင့်သည်ထက် မြင့်မြတ်တဲ့ မဂ်ဖိုလ်နိဗ္ဗာန်ထိတိုင်အောင် အသုံးချသွားနိုင်မှလည်း လူ့ဘဝဟာ အမှန်တကယ်အသုံးကျပါတယ်။ တန်ဖိုးရှိပါတယ်။ ဓမ္မဂုဏ်တွေနဲ့ ပြည့်စုံလာနိုင်ပါတယ်။အဲဒီလို ဓမ္မဂုဏ်တွေနဲ့ ပြည့်စုံသူဖြစ်ဖို့ဆိုတာကလည်း လူတိုင်းအတွက်တော့ မလွယ်လှပါဘူး။

ဒီတော့ ဘယ်လိုလူတွေဟာ ဓမ္မဂုဏ်တွေနဲ့ ပြည့်စုံနိုင်သလဲ?၊ ဘယ်လိုလူမျိုးတွေဟာ ဓမ္မဂုဏ်တွေ နိမ့်ကျနေကြသလဲ? ဆိုတာ ခွဲခြား သိထားသင့်ပါတယ်။

လူ့ဘဝရလာသူတိုင်းကို သာမန်အနေနဲ့ **"လူ"** လို့သာ ခေါ်ရပေမယ့်လို့ အထူးဝိသေသ ခွဲခြားကြည့်တဲ့ အခါမှာ လူ(၄)မျိုး ရှိနိုင်တဲ့အကြောင်းကို စာပေတွေမှာ ခွဲခြားပြီး ပြဆိုထားပါတယ်။

## ဒေါသနဲ့နေသူ ငရဲလူ

ပထမလူမျိုးကတော့ ငရဲသူငရဲသားတွေနဲ့တူတဲ့

http://www.dhammadownload.com



လူပေါ့။ ငရဲသူငရဲသားတွေဆိုတာ အချိန်တိုင်းမှာ ချမ်းသာကင်းပြီး ဆင်းရဲခြင်းဒုက္ခမျိုးစုံတွေနဲ့သာ မချိမဆန့် ခံစားနေကြရရှာတာပါ။ ဆင်းရဲဒုက္ခတွေကြောင့်လည်း သူတို့သန္တာန်မှာ ဒေါသ၊ ဒေါမနဿစိတ်တွေပဲ ဖြစ်ပေါ်နေလေ့ရှိပါတယ်။

အဲဒီအတိုင်းပါပဲ။ လူ့လောကထဲမှာ လူအချို့ဟာ ကိုယ့်အလိုမကျတဲ့ အာရုံတွေနဲ့ဆုံရတိုင်းမှာ ဒေါသအမျက်တွေပဲ ချောင်းချောင်းထွက်ပြီး စိတ်ပျက်၊ စိတ်ဆိုးနေလေ့ရှိပါတယ်။

အဲဒီလို ကိုယ့်အလိုမကျတိုင်း ဒေါသအမျက် တရားတွေပဲ ပွားနေတတ်သူကို **'ငရဲနဲ့တူတဲ့လူ'** လို့ ခေါ်ရပါတယ်။ ဒေါသနဲ့စိတ်ဆိုးပြီး သေတဲ့အခါမှာလည်း ငရဲပြည်ကိုပဲ အရောက်များပါတယ်။ ဒါကြောင့် "ဒေါသနဲ့နေသူ၊ ငရဲလူ၊ သေမှငရဲရောက်" မှတ်ရပါမယ်။

## မောဟနဲ့နေသူ တိရစ္ဆာန်လူ

ဒုတိယလူမျိုးကတော့ တိရစ္ဆာန်တွေနဲ့တူတဲ့လူပေါ့။ တိရစ္ဆာန်တွေရဲ့သဘောကိုတော့ ကိုယ့်အနီးအပါးမှာနေ့စဉ်

http://www.dhammadownload.com


နဲ့ အမျှပဲ မြင်နေ၊ တွေ့နေကျပါ။ တိရစ္ဆာန်ဆိုတာကို (တိ+ဂစ္ဆာ) အိပ်ခြင်း၊စားခြင်း၊ကာမဂုဏ်မှီဝဲခြင်း (၃)မျိုး ကိုပဲ အလိုရှိနေတတ်သူလို့ အဓိပ္ပါယ်ဖွင့်ဆိုပါတယ်။

အိပ်၊စား၊ကာမဆိုတာကလွဲရင် လောကရေး၊ ဓမ္မ ရေးမှန်သမျှ ဘာကိုမှ ခွဲခြမ်းစိတ်ဖြာ မသိနိုင်ကြပါဘူး။ အဲဒီလို မသိစိတ်တွေနဲ့ဘဲ အချိန်တိုင်းမှာ လွှမ်းမိုးခံနေ ရလို့ 'မောဟ' ကြီးစိုးခံနေရတဲ့ သတ္တဝါတွေပေါ့။

လူ့လောကထဲမှာလည်း လူအချို့ဟာ ဘယ်ကိစ္စ မျိုးမှာမဆို အကောင်းနဲ့ အဆိုးကိုလည်း ခွဲခြားပြီး မသိ။ အကြောင်းနဲ့အကျိုးကိုလည်း ချိန်ထိုးပြီး မသိနိုင်။ အမှားနဲ့ အမှန်ကို ကိုယ်ပိုင်ဉာဏ်နဲ့ ဝေဖန်ပိုင်းခြားပြီး သိမြင်နိုင် တဲ့သဘော 'အသိပညာ'တရား လုံးဝမရှိပါဘူး။ အဲဒီလို မျိုး လောကရေး၊ ဓမ္မရေးတွေမှာ အသိပညာနဲ့ ပိုင်းခြား မသိနိုင်တဲ့ မသိစိတ်ခေါ် 'မောဟတရား'တွေပဲ တိုးပွား နေတတ်သူကိုတော့ '**တိရစ္ဆာန်နဲ့တူတဲ့လူ**'လို့ ခေါ်ရပါ တယ်။ မောဟနဲ့ တွေတွေဝေဝေ သေတဲ့အခါမှာလည်း တိရစ္ဆာန်ဘဝကိုပဲ အရောက်များပါတယ်။ ဒါကြောင့်

http://www.dhammadownload.com


"မောဟနဲ့နေသူ၊ တိရစ္ဆာန်လူ၊ သေမှု တိရစ္ဆာန်ဖြစ်"လို့ မှတ်ထားသင့်ပါတယ်။

## လောဘနဲ့နေသူ ပြိတ္တာလူ

တတိယလူမျိုးကတော့ ပြိတ္တာတွေနဲ့တူတဲ့လူပါ။ ပြိတ္တာတွေရဲ့ဘဝကလည်း အင်မတန် သနားစရာကောင်းလှပါတယ်။ သူတို့ခမျာ စားရမဲ့၊ ဝတ်ရမဲ့၊ နေရမဲ့ ဘဝမျိုးမှာ အချိန်တိုင်း၊ နေ့တွေညတွေတိုင်းမှာ စားဝတ်နေရေးအတွက်ကိုပဲ အပြေးအလွှား အလုအယက် အငမ်းမရနဲ့ ရှာဖွေ စားသောက်ပြီး နေကြရရှာတယ်။

တချို့ဆို ပါးစပ်ပေါက်က ရာဝင်အိုးလောက်ကြီးရှိပေမယ့် စားရတာက ဆန်စေ့လောက်ဆိုတော့ ဝမ်းမဝတဲ့ဒုက္ခကို ဘယ်လောက်ခံစားလိုက်ရမလဲ။ အလိုမပြည့်တဲ့ 'တဏှာ' လောဘတွေ ဘယ်လောက် တိုးပွားနေလိုက်မလဲ ကိုယ်တိုင်ပဲ စဉ်းစားကြည့်ပေါ့။

လူ့လောကထဲမှာ လူတချို့ဟာ ကိုယ့်အလိုကျတဲ့ အာရုံတွေနဲ့ ဆုံရတဲ့အခါတိုင်းမှာ အငမ်းမရ တမ်းတမ်းတတ ဖြစ်ပြီး လောဘ၊ တဏှာစိတ်တွေဟာ မိုးမမြင်

http://www.dhammadownload.com


လေမမြင်အောင် ဖြစ်ပွားနေတတ်ပါတယ်။ အဲဒီလို ကိုယ့်အလိုကျတဲ့ အာရုံတွေအပေါ်မှာ လောဘ၊ တဏှာ တရားတွေပဲ ပွားနေတတ်သူကို **'ပြိတ္တာနဲ့ တူတဲ့လူ'** လို့ ခေါ်ပါတယ်။

လောဘနဲ့စွဲပြီးသေတဲ့အခါမှာလည်း ပြိတ္တာဘဝကိုပဲ အရောက် များပါတယ်။ ဒါကြောင့် "လောဘနဲ့နေသူ၊ ပြိတ္တာလူ၊ သေမှုပြိတ္တာဖြစ်" လို့ မှတ်သင့်ပါတယ်။

## ဂုဏ်သရေရှိတဲ့လူ

နောက်ဆုံးစတုတ္ထမြောက် လူတစ်ယောက်ကတော့ ငရဲနဲ့လည်းမတူတဲ့ တိရစ္ဆာန်နဲ့လည်းမတူတဲ့ ပြိတ္တာနဲ့လည်းမတူတဲ့ **'ဂုဏ်သရေရှိတဲ့ မြင့်မြတ်သူ'** ပေါ့။

လောကမှာ ဘယ်လိုလူမျိုးဟာငရဲလူ၊ တိရစ္ဆာန်လူ၊ ပြိတ္တာလူနဲ့မတူတဲ့ ဂုဏ်သရေရှိနေသူ ဖြစ်ပါသလဲ?။

## အဒေါသဂုဏ်ပြည့်စုံသူ

လူ့ဘဝဆိုတာမျိုးဟာ နတ်တွေ၊ ဗြဟ္မာတွေလို

http://www.dhammadownload.com



မဟုတ်လေတော့ တစ်ခါတရံမှာ ကိုယ့်အလိုမကျတဲ့ အာရုံဆိုး အနိဋ္ဌာရုံမျိုးစုံနဲ့ မလွဲမသွေ ကြုံရဆုံရမှာပဲလေ။ စားရေး၊ ဝတ်ရေး အဆင်မပြေတာ၊ နေရေးချို့တဲ့တာ။ စီးပွားရေးပျက်ကပ်နဲ့ကြုံတာ၊ မီးမလာတာ၊ ရေပျက်တာ၊ ပတ်ဝန်းကျင်နဲ့ သဟဇာတမဖြစ်တာ စတာမျိုးတွေဟာ ပြောမဆုံးအောင်ပါပဲ။

အဲဒီလို အခါတိုင်းမှာ သူတစ်ပါးကို ပျက်စီးစေလိုတဲ့ အမျက်ဒေါသစိတ်တွေပဲ ချောင်းချောင်းထွက်နေတတ်သူဟာ စိတ်ပျက်၊ စိတ်ဆိုးတဲ့ ဗျာပါဒတရားမျိုးနဲ့ အင်မတန်ဆင်းရဲလွန်းလှလို့ ငရဲလူနဲ့ပဲ တူတာပေါ့။

ငရဲလူနဲ့မတူတဲ့ ဂုဏ်သရေရှိသူကတော့ 'ဒေါသ' ဖြစ်စရာ အာရုံတွေနဲ့ကြုံတိုင်းမှာ အဲဒီဒေါသဆိုတဲ့ အမုန်းတရားကို အဒေါသဆိုတဲ့ ခန္တီတရား၊ မေတ္တာတရားတွေနဲ့ ပယ်ရှားသုတ်သင်ပစ်ပါတယ်။ သူ့သန္တာန်မှာ ဒေါသ အပြစ်မျိုးကို စွန့်လွှတ်နိုင်လိုက်တာနဲ့ တစ်ပြိုင်နက်ပဲ 'အဒေါသ'ခေါ်တဲ့ ခန္တီတရား၊ မေတ္တာတရားတွေနဲ့ လွတ်မြောက်ငြိမ်းချမ်း သွားတော့တာပါပဲ။ အဲဒီလိုလူမျိုးမှာ ဒေါသအပြစ်ကို စွန့်လွှတ်ပြီး အဒေါသတရားနဲ့ '**ဒေါသမှ လွတ်မြောက်မှုဂုဏ်**' ပြည့်စုံနေပါတော့တယ်။

http://www.dhammadownload.com


## အမောဟဂုဏ်ပြည့်စုံသူ

ပြီးတော့ လူ့ဘဝဆိုတာဟာ ငရဲသူငရဲသားတွေလို ကိုယ့်ထံမှာ ကျရောက်ပြီး ကျရောက်နေစဲ ကံကြမ္မာဆိုးရဲ့ အကျိုးပေးတစ်ခုခုကို မျက်လုံးစုံမှိတ်ပြီး ညည်းညူခံစားနေရမယ့် ဘဝမျိုးလည်း မဟုတ်ပါဘူး။

နတ်တွေဗြဟ္မာတွေလိုလည်း ရရှိထားခဲ့တဲ့ ကိုယ့်ကံအကြောင်းတရားရဲ့ ကံကောင်းခြင်းလက်ဆောင်တွေကို ဘုရားမေ့၊ တရားမေ့၊ သံဃာမေ့ပြီး စံစားနေလို့ရတဲ့ ဘဝမျိုး မဟုတ်ဘူးလေ။ ကံကြမ္မာဆိုးရဲ့ ပြစ်ဒဏ်ခက်မှုတွေနဲ့ ကြုံရတဲ့အခါ၊ ကံကောင်းခြင်းရဲ့ လက်ဆောင်တွေကို ရရှိတဲ့အခါမျိုးတွေမှာ ရရှိလာတဲ့ အကျိုးရလဒ်မှန်သမျှကို ကိုယ်တိုင်ပြုခဲ့တဲ့ လုပ်ဆောင်ချက်ဆိုတဲ့ ကံအကြောင်းတွေနဲ့ ပေါင်းစပ်ပြီး ကြည့်နိုင်၊ သိနိုင်ရမယ်။

ပြီးတော့ အပြစ်ရှိတဲ့ အကုသိုလ်အကြောင်းကို ပြုလုပ်မိပြီဆိုရင်လည်း အပြစ်ကင်းတဲ့ ကုသိုလ်အကြောင်းတရားနဲ့ လမ်းပြောင်းပေးနိုင်ရမယ်ပေါ့။ အဲဒီလိုမျိုး အကျိုးရှိတဲ့ကိစ္စ၊ အကျိုးမဲ့တဲ့ကိစ္စတွေမှာ အကောင်းနဲ့အဆိုး၊ အကြောင်းနဲ့အကျိုး၊ အမှားနဲ့အမှန်၊ အဖြူနဲ့အမဲ၊

http://www.dhammadownload.com



အလင်းနဲ့အမှောင်တွေကို ကွဲပြားစွာ ခွဲခြားမသိနိုင်ဘူး ဆိုရင်တော့ မသိမှု မောဟစိတ်တွေ အရေခွံထူနေလို့ တိရစ္ဆာန်လူနဲ့ပဲ တူတာပေါ့။

တိရစ္ဆာန်နဲ့မတူတဲ့ ဂုဏ်သရေရှိသူကတော့ လောကနဲ့ဓမ္မ ကိစ္စအဝဝတွေမှာ မောဟဆိုတဲ့ မသိမိုက်မဲမှု တရားကို အမောဟဆိုတဲ့ အသိအလိမ္မာ၊ ဉာဏ်ပညာ တွေနဲ့ ပယ်ရှားသုတ်သင်ပစ်နိုင်တယ်။ သူ့သန္တာန်မှာ မသိစိတ် မောဟတရားကို စွန့်လွှတ်နိုင်လိုက်တာနဲ့ တစ် ပြိုင်နက်ပဲ အမောဟခေါ်တဲ့ ပညာ၊ ဉာဏ်တရားတွေနဲ့ လွတ်မြောက် ငြိမ်းချမ်းသွားပါတယ်။ အဲဒီလိုလူမျိုးမှာ မောဟအပြစ်ကို စွန့်လွှတ်ပြီး အမောဟတရားနဲ့ **'မောဟမှ လွတ်မြောက်မှုဂုဏ်'** ပြည့်စုံနေပါတယ်။

## အလောဘဂုဏ်ပြည့်စုံသူ

နောက်ပြီး လူ့ဘဝဆိုတာ သရဲ၊တစ္ဆေ၊ပြိတ္တာတွေလို အတိတ်ကံအကြောင်းကြောင့် အမြဲတစေ ငတ်မွတ်ခေါင်း ပါးပြီး ရှားပါးနေရတဲ့ဘဝမျိုးမှ မဟုတ်ဘဲ။ ကိုယ့်ရဲ့ ကံစွမ်း၊ ဉာဏ်စွမ်း၊ ဝီရိယစွမ်းတွေအပေါ် မူတည်ပြီး

http://www.dhammadownload.com


ကိုယ်ကြိုးစားရင် ကြိုးစားသလောက် တန်ဖိုးများတာပဲ။

ကိုယ်မကြိုးစားရင်သာ ကိုယ်ပဲမကြီးပွားနိုင်တာ မျက်မြင်ကိုယ်တွေ့ မဟုတ်လား။ ကုန်ကုန်ပြောရရင် သူတောင်းစားတောင်မှ ကြိုးစားရင်တော့ ထမင်းမငတ်နိုင်ဘူး။ မဆင်းရဲဘူးဘဲလေ။

အဲဒါကြောင့် ကိုယ့်ရဲ့ ကာယအား၊ ဉာဏအားတွေကို အသုံးချပြီး အသုံးကျအောင် ကြိုးစား။ ရသင့်သမျှတွေမှာတော့ လိုချင်လောဘ ဖြစ်သင့်တာပေါ့။ ဒါပေမယ့် ကိုယ့်အလိုကျဖြစ်တဲ့ အာရုံကောင်း ဣဋ္ဌာရုံမျိုးစုံတွေနဲ့ မြင်ရ၊ ကြားရ၊ နံရ၊ စားရ၊ ထိတွေ့ရ၊ တွေးကြံရသမျှ တိုင်းမှာ ရသင့်တာ၊ မရသင့်တာ မစဉ်းစားဘဲ သူ့ဟာ ကိုယ့်ဟာ မကြည့်ဘဲ အငမ်းမရ တမ်းတမ်းတတ ဖြစ်နေမယ်။ အဘိဇ္ဈာ၊ ကာမစ္ဆန္ဒ စိတ်တွေပဲ ပြည့်လျှံပြီး လောဘဇောတွေ စောနေမယ်ဆိုရင်တော့ ပြိတ္တာလူနဲ့ တူပြီပေါ့။

ပြိတ္တာနဲ့မတူတဲ့ ဂုဏ်သရေရှိသူကတော့ အာရုံကောင်းတွေနဲ့ ကြုံရတိုင်းမှာ အဲဒီအဘိဇ္ဈာဆိုတဲ့ တပ်မက်မှု လောဘတရားကို အလောဘတရားနဲ့ စွန့်လွှတ်ပယ်ရှား ပစ်နိုင်ပါတယ်။ တပ်မက်မှုလောဘတရားကို စွန့်လွှတ်နိုင်

http://www.dhammadownload.com


လိုက်တာနဲ့ တစ်ပြိုင်နက်ပဲ အလောဘတရားနဲ့ လွတ်မြောက် ငြိမ်းချမ်းသွားတော့တာပါပဲ။

အဲဒီလိုလူမျိုးမှာ လောဘအပြစ်ကို စွန့်လွတ်ပြီး အလောဘတရားနဲ့ '**လောဘမှလွတ်မြောက်မှုဂုဏ်**' ပြည့်စုံ နေပါတော့တယ်။

## မွေ့ဂုဏ်တွေ လွှမ်းခြုံသူ

အာရုံဆိုးတွေအပေါ်မှာ ဒေါသဆိုတဲ့ အမုန်းတရား၊ အာရုံကောင်းတွေပေါ်မှာ လောဘဆိုတဲ့ အချစ်တရား၊ ပြုမူဆောင်ရွက်ဖွယ် ကိစ္စမှန်သမျှမှာ မောဟဆိုတဲ့ မသိမိုက်မဲမှုတွေကို စွန့်ပယ်ပစ်နိုင်သူဟာ လောကမှာ အလောဘဂုဏ်၊ အဒေါသဂုဏ်၊ ပညာဂုဏ်တွေ တဖြည်းဖြည်း လွှမ်းခြုံလို့သာ လာပါတယ်။

ဒီဂုဏ်တွေ ပြည့်စုံနေသူတစ်ယောက်မှာ အလောဘကြောင့် ပေးကမ်းလှူဒါန်းလေ့ရှိတဲ့ '**ဒါနဂုဏ်**'၊ အတ္တအကျိုးစွန့်ပြီး အနစ်နာခံလေ့ရှိတဲ့ '**နေက္ခမ္မဂုဏ်**'၊ အလိုနည်းမှု '**အပ္ပိစ္ဆဂုဏ်**'၊ ရောင့်ရဲမှု '**သန္တုဋ္ဌိဂုဏ်**'တွေလည်း ပြည့်စုံလာတာပါပဲ။

http://www.dhammadownload.com


အဒေါသကြောင့် သီလဂုဏ်၊ မေတ္တာဂုဏ်၊ ကရုဏာဂုဏ်၊ မုဒိတာဂုဏ်တွေလည်း လွှမ်းခြုံလာပါမယ်။ အမောဟကြောင့် ကံနဲ့အကျိုးကို အမှန်သိမြင်တဲ့ ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်မှစပြီး သမာဓိဂုဏ်၊ ပညာဂုဏ်တွေပါ စုံလင်လို့ လာပါလိမ့်မယ်။

ဒါ့ပြင် ဒါနကြောင့် မိမိပိုင် စည်းစိမ်ဥစ္စာတွေထဲမှာ ဣဿာအပြစ်ကို စွန့်ပစ်ထားတဲ့ စွန့်လွှတ်မှု **'စာဂ'** ဂုဏ်၊ သီလကြောင့် ကိုယ်အပြစ် ဒုစရိုက်ကာယကံ၊ နှုတ်အပြစ် ဒုစရိုက်ဝစီကံတွေကို စွန့်ပစ်ထားတဲ့ ကိုယ်နှုတ် စင်ကြယ်မှု **'သီလဝိသုဒ္ဓိ'** ဂုဏ်၊ သမာဓိကြောင့် စိတ်အပြစ် နီဝရဏတရားတွေကို စွန့်ပစ်ထားတဲ့ စိတ်စင်ကြယ်မှု **'စိတ္တဝိသုဒ္ဓိ'** ဂုဏ်၊ ပညာကြောင့် အသိအမြင်မှား၊ အယူအဆမှားတွေကို စွန့်ပစ်ထားတဲ့ အသိအမြင် စင်ကြယ်မှု **'ဒိဋ္ဌိဝိသုဒ္ဓိ'** ဂုဏ်၊ ပြီးတော့ ကိလေသာ နီဝရဏတရားတွေမှ တဒင်္ဂငြိမ်းအေးမှု၊ ကြာကြာငြိမ်းအေးမှု၊ ထာဝရ ငြိမ်းအေးမှုဆိုတဲ့ **'ဝိမုတ္တိဂုဏ်၊ ဝိမုတ္တိဉာဏဒဿနဂုဏ်'** တွေနဲ့ အတူ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ထိတိုင်အောင်ပဲ ဓမ္မဂုဏ်တွေ အစုံအလင် မကြာခင် ပြည့်စုံလာနိုင်တော့မှာ မုချပါပဲ။

http://www.dhammadownload.com


# ဂုဏ်မဲ့သူလူတစ်စု

တရုတ်ပညာရှိကြီး ကွန်ဖြူးရှပ်ပြောဖူးတဲ့ စကားတစ်ခု ရှိတယ်။ '**လူတိုင်း အစာ စားကြပေမဲ့ အစာရဲ့ အရသာအစစ်ကိုတော့ သိသူ သိပ်နည်းတယ်**'တဲ့။ အဲဒီအတိုင်းပါပဲ။ လူတိုင်းဟာ အမြင် အကြားစတဲ့ အာရုံတွေရဲ့ အရသာမျိုးစုံကို နေ့စဉ် ခံစားနေကြတာပဲ။ ဒါပေမဲ့ အာရုံတွေရဲ့ အရသာအစစ်ဖြစ်တဲ့ သဘာဝတ္တအဓိပ္ပါယ်ကို သိသူကတော့ သိပ်ရှားလှပါတယ်။

လူ့ဘဝရောက်လာပြီးလူ့ဘဝတန်ဖိုး၊ လူ့ဘဝအနှစ်တွေကို ရယူပိုင်ဆိုင်နိုင်တဲ့ ဂုဏ်သရေရှိသူ တစ်ယောက်ဖြစ်ဖို့ဆိုတာ အလွယ်တော့ မရပါဘူး။ ကြိုးစားမှပဲ ဖြစ်နိုင်ပါလိမ့်မယ်။

လူ့ဘဝရလာတဲ့အခါ စည်းစိမ်ဥစ္စာ၊ အာဏာ၊ ရာထူး၊ အခြံအရံ၊ နာမည်ကြီးခြင်း၊ ကျော်ကြားခြင်းတွေနဲ့ အတူ ကာမဂုဏ်အာရုံတွေကို ခံစားနိုင်တာကြောင့် လောကဂုဏ်အဖုံဖုံတွေ ပြည့်စုံနေတယ်လို့ ဆိုရပေမဲ့ ဓမ္မဂုဏ် လုံးဝမရှိဘူးဆိုရင်တော့ '**ဂုဏ်နဲ့လူ**'လို့ မဆိုနိုင်

http://www.dhammadownload.com


ပါဘူး။ လောကဂုဏ်တွေ ဘယ်လောက်ပဲ ပြည့်စုံနေနေ၊ ဓမ္မဂုဏ် လုံးဝမရှိဘူးဆိုရင်တော့ '**ဂုဏ်မဲ့သူ**'သာ ဖြစ်ပါလိမ့်မယ်။

အဲဒီလို လောကဂုဏ်တွေနဲ့သာ ပြည့်စုံပြီး ဓမ္မဂုဏ် မပြည့်စုံနိုင်တဲ့ ဂုဏ်မဲ့သူ လူတစ်စုကို စာပေတွေမှာ '**ဒဗ္ဗိ သူပရသံ ယထာ**'ယောက်မနဲ့တူသူလို့ ဆိုပါတယ်။

ဟင်းမွှေယောက်မဟာ နေ့စဉ်နဲ့အမျှ ဟင်းအမယ်မျိုးစုံနဲ့ ကြုံတွေ့နေရပေမယ့်လို့ ဟင်းရဲ့အရသာကို လုံးဝမသိနိုင်ဘူးလေ။ သစ်ပင်နဲ့တူသူလို့လည်း ဆိုပြန်တယ်။ '**ရုက္ခာ ခါဒန္တိ နောဖလံ**'တဲ့။ သစ်ပင်ဟာ ဘယ်လောက်အရသာပြည့်စုံတဲ့အသီးတွေ ရှိနေနေ သူ့အသီးကို သူကိုယ်တိုင်က ပြန်စားသုံးနိုင်ခြင်းမှ မရှိဘဲ။ နောက်ပြီး ပင်လယ်ကြီးနဲ့ တူသူလို့လည်း ဆိုထားပြန်ပါတယ်။ '**အာပံ ပိဝန္တိ နောနဒ္ဓာ**'တဲ့။ ပင်လယ်တွေ၊ မြစ်၊ ချောင်း၊ အင်းအိုင်တွေဆိုတာဟာ ရေတွေဘယ်လောက်ပဲ ပြည့်လျှံနေပါစေ။ သူတို့ကိုယ်တိုင်က ရေကိုပြန်ပြီး သုံးစွဲနိုင်ခြင်းမှ မရှိဘဲ။

အဲဒါကြောင့် ဂုဏ်သရေရှိသူတစ်ယောက် ဖြစ်လိုသူဟာ ဟင်းမွှေယောက်မနဲ့ မတူအောင်၊ သစ်ပင်လို

http://www.dhammadownload.com


မဖြစ်အောင်၊ ပင်လယ်သမုဒ္ဒရာလို မဟုတ်ရအောင် မိမိ နှလုံးသားထဲမှာ မဖြစ်မနေ ရှိကိုရှိနေသင့်တဲ့ လူ့ဘဝရဲ့ ဓမ္မဂုဏ်တွေနဲ့ ပြည့်စုံလာဖို့အတွက် ကြိုးစားအားထုတ်ရမှာပါပဲ။

## လူ့ဂုဏ်ရည် အခြေခံ(၈)မျိုး

ပညာရှိကြီး ကွန်ဖြူးရှပ် ပြောတာ ရှိသေးတယ်။ '**မြင့်မြတ်သူတွေဟာ စောင့်ကြည့်မည့်သူ မရှိပေမဲ့ သတိနဲ့ နေတယ်တဲ့။ ချောင်းနားထောင်မည့်သူ မရှိပေမဲ့ စကားအရာမှာ ချင့်ချိန် ပြောလေ့ရှိတယ်**'တဲ့။

အင်မတန် မှတ်သားသင့်တဲ့ အဖိုးတန်စကားတွေ ပေါ့။ မြတ်ဗုဒ္ဓအလိုတော်ကျ ဓမ္မဂုဏ်တွေနဲ့ ပြည့်စုံနေသူတွေမှာ အဲဒီလိုအရည်အသွေးတွေ အစုံအလင်ရှိပါတယ်။

လူရယ်လို့ ဖြစ်လာတဲ့အခါ ဓမ္မဂုဏ်တွေပြည့်စုံတဲ့ ဂုဏ်သရေရှိသူတစ်ယောက် ဖြစ်နိုင်ဖို့မှာ အခြေခံပြည့်စုံနေရမယ့် ဂုဏ်အင်္ဂါ(၈)ရပ်ကို ဝိမာနဝတ္ထုအဋ္ဌကထာကျမ်းမှာ အခုလို ပြဆိုထားပါတယ်။

၁။ **အတ္တနော ဟိတာဟိတံ ဇာနန္တော**-အကျိုးရှိတဲ့

http://www.dhammadownload.com


အလုပ်၊ အကျိုးမရှိတဲ့အလုပ်ကို ခွဲခြားရှုသိခြင်း '**ပညာဂုဏ်**' ပြည့်စုံရပါမယ်။ လူဟာအလုပ်တစ်ခုကိုပဲလုပ်လုပ်၊ အပြောတစ်ခုကိုပဲ ပြောပြော။ ကိုယ်ပြုသမျှ ကံအမှုတိုင်းမှာ ရလဒ်တန်ဖိုးဖြစ်တဲ့အကျိုးနဲ့ ချိန်ထိုးပြီး ကြည့်နိုင်ရပါလိမ့်မယ်။

ကိုယ်ပြုတဲ့ကံတစ်ခုဟာ ကိုယ့်ကိုလည်း စိတ်အေးချမ်းမှု မဖြစ်စေဘူး။ သူတစ်ပါးကိုလည်း စိတ်ပူလောင်မှုပဲ ဖြစ်စေတယ်ဆိုရင် အကျိုးမရှိတာ သေချာပြီပေါ့။

အဲဒီလိုမဟုတ်ဘဲ ကိုယ့်မှာလည်း စိတ်ချမ်းသာ၊ သူတစ်ပါးမှာလည်း စိတ်အေးချမ်းစေတဲ့ ကံအမှုမျိုးဆိုရင်တော့ အကျိုးရှိတာ သေချာပြီပေါ့။

တချို့ကတော့ ကိုယ့်အလုပ်ကြောင့် သူတစ်ပါးမှာ စိတ်ပူပူ၊ နွမ်းနွမ်း။ ကိုယ့်ကိုသာ လန်းဆန်းမှုလေးပေးရင် အကျိုးရှိတယ်၊ ကုသိုလ်ဖြစ်နေတယ်လို့ ထင်ကြတယ်။

ဒါဟာ အကြောင်းတရားကို အကျိုးတရားနဲ့ ကွဲပြားစွာ ခွဲခြားမသိနိုင်လို့ပါ။ အဲဒီလိုမျိုး အကောင်းနဲ့အဆိုးကို အကြောင်းအကျိုးနဲ့ ချိန်ထိုးပြီး အမှားနဲ့အမှန်ကို ဉာဏ်နဲ့ ဝေဖန်နိုင်တဲ့ အသိမျိုးဟာ အခြေခံကျတဲ့ '**ပညာဂုဏ်**' ရှိနေတာပါပဲ။

http://www.dhammadownload.com



၂။ **ကမ္မဖလသဒ္ဒဟန္တော**-ကုသိုလ်ကံ၊ အကုသိုလ်ကံ နဲ့ အကျိုးပေးသဘောကို ယုံကြည်ခြင်း '**သဒ္ဓါဂုဏ်**' ရှိရပါမယ်။ ထေရဝါဒဗုဒ္ဓဘာသာဝင်တွေမှာ အခြေခံ ယုံကြည်ရမယ့်အဆင့်က ကံနဲ့အကျိုးပေးကို ယုံကြည်တဲ့ '**ကမ္မဿကတာသမ္မာဒိဋ္ဌိ**'ခေါ် '**ကမ္မဖလသဒ္ဓါ**'ပါ။

ကုသိုလ်ကံဆိုတာ အပြစ်ကင်းတယ်။ အပြစ်ကင်း လို့ ကောင်းကျိုးကို ပေးမြဲပါပဲ။ အကုသိုလ်ကံဆိုတာ အပြစ်ရှိတယ်။ အပြစ်ရှိလို့ ဆိုးကျိုးကိုပဲ ပေးမြဲပေါ့။

ကုသိုလ်ဖြစ်တဲ့ 'အဒေါသ'စေတနာလေးတစ်ခုက ကိုယ့်စိတ်နှလုံးကို ယူကြုံးမရ ဖြစ်စေတယ်။ သူတစ်ပါး ကိုလည်း ဒုက္ခရောက်စေတယ်ဆိုတာ လုံးဝမရှိပါဘူး။

ပြီးတော့ အကုသိုလ်ဖြစ်တဲ့ ဒေါသစေတနာလေး က ကိုယ့်စိတ်နှလုံးသားကို အေးမြလန်းဆန်းစေတယ်။ သူတစ်ပါးကိုလည်း သုခဖြစ်စေတယ်ဆိုတာ မဖြစ်နိုင်တဲ့ ကိစ္စလေ။

အဲဒီလိုမျိုး သရက်ပင်စိုက်ရင် သရက်သီးရသလို၊ တမာပင်စိုက်ရင် တမာရွက်ရသလို သဘောကိုပဲ လူ တွေက '**တူသောအကျိုးပေးတယ်**'လို့ ပြောကြတယ်ပေါ့။

http://www.dhammadownload.com


အဲဒီနည်းအတိုင်းပဲ၊ အကြောင်းကောင်းရင် အကျိုးကောင်းမယ်။ အကြောင်းဆိုးရင် အကျိုးလည်း ဆိုးတာပဲ။ ဆိုးကျိုးဆိုရင်တော့ ဘယ်သူ လိုချင်မှာလဲ? ဘယ်သူမှ မလိုချင်ကြပါဘူး။ ဒီလိုဆို ဘယ်လို လုပ်မလဲ?။

ကိုယ်မလိုချင်တဲ့ ဆိုးကျိုးတွေ မရနိုင်အောင် ဆုတောင်းနေရုံ၊ ဘုရားဝတ်ပြုနေရုံ၊ တောင်းပန်နေရုံ၊ လာဘ်ထိုးနေရုံနဲ့ ပြည့်စုံလာတယ်လို့ ဗုဒ္ဓမြတ်စွာရဲ့ ကမ္မဿကတာသမ္မာဒိဋ္ဌိအမြင်က ညွှန်မပြပါဘူး။ ညွှန်ပြတာက 'ဆိုးကျိုးကို မလိုချင်ရင် အကြောင်းဆိုးကို မပြုရုံပါဘဲ'။ နည်းလမ်းရှာပြီး မဖြစ်မနေ ပယ်ရှားပစ်ရမှာပဲပေါ့။

ကိုယ့်မျက်မြင်မှာပဲ 'အကျိုးကို မလိုချင်တဲ့အခါ အကြောင်းကို ပယ်ပစ်မှကိုဖြစ်မှာ'။ အကျိုးလိုချင်ရင်တော့ 'ညောင်ရေလောင်း' ဆိုတဲ့ စကားအတိုင်းပဲ။ အကြောင်းကို မလွဲမသွေ အားထုတ်မှကိုဖြစ်တာ အထင်အရှားပဲ။

ဒါဟာလောကမှာ အကောင်း၊ အဆိုးဆိုတဲ့ အကျိုးသဘောတရားမှန်သမျှ အကြောင်းတရားနဲ့သာ တိုက်ရိုက်ဆက်သွယ်ဖြစ်နေမှုသဘောကို ယုံကြည်ရတာ ၊ အခြေခံကျတဲ့ '**ကမ္မဖလသဒ္ဓါဂုဏ်**' ပြည့်စုံနေတာပါပဲ။

http://www.dhammadownload.com


၃။ **ဟိရောတ္တပ္ပသမ္ပန္နော**-မကောင်းမှုတွေကို ပြုရာ၊ ပြောရာမှာ ရှက်တတ်,ကြောက်တတ်တဲ့ '**ဟိရီ, ဩတ္တပ္ပ ဂုဏ်**'ပြည့်စုံ ရပါမယ်။

လူတစ်ယောက်ဟာ စီးပွားရေးလုပ်တဲ့အခါ သမ္မာအာဇီဝနဲ့မလုပ်ဘူးဆိုရင် မိစ္ဆာအာဇီဝနဲ့ စီးပွားရှာနေတာ သိသာထင်ရှားပါတယ်။ အဲဒီလိုပါပဲ၊ မကောင်းတာတွေကို ပြုဖို့၊ ပြောဖို့မှာ မရှက်ဘူး။ မကြောက်ဘူးဆိုရင်တော့ ကောင်းတာတွေကို ပြုဖို့၊ပြောဖို့မှာ ရှက်နေ၊ ကြောက်နေပြီဆိုတာ သေချာတာပေါ့။။။

ဥပမာကြည့်ရင် သူတစ်ပါးအသက်ကို ဖက်ရှက်လိုသဘောထားနေသူဟာ သူ့အသက်, သူ့အိုးအိမ်, သူ့စည်းစိမ်တွေအပေါ်မှာ စေတနာ၊ မေတ္တာထားဖို့ သိပ်ဝန်လေးနေတတ်တာပဲ။ စကားပြောဆိုတဲ့အခါ ရေတစ်မော့ကို မျိုချ သလိုမျိုးပဲ၊ မုသာဝါဒကို အလွယ်ပြောဆိုတတ်သူမှာ သစ္စာဝါစာကို အဆိပ်ပမာ ကြောက်ရွံ့နေတတ်သလိုပေါ့။

အဲဒါကြောင့်'ဟိရီ,ဩတ္တပ္ပဂုဏ်'ဆိုတာ မကောင်းမှုကို ပြုဖို့၊ ပြောဖို့မှာ ရှက်တာ, ကြောက်တာဆိုပေမယ့် ဆန့်ကျင်ဘက်အနေနဲ့ ကောင်းမှုတွေကို ပြုဖို့၊ပြောဖို့

http://www.dhammadownload.com



အတွက်လည်း ဝန်လေးမနေသူသာ '**ဟိရိသြတ္တပ္ပဂုဏ်**'နဲ့ ပြည့်စုံပါတယ်။

၄။ **ဒယာပန္နော သဗ္ဗသတ္တေသု**-သတ္တဝါအားလုံး အပေါ်မှာ ချစ်ခင်ကြင်နာစိတ်လေးထားတဲ့'**မေတ္တာဂုဏ်**' ရှိရပါမယ်။

မေတ္တာစိတ်ထားရဲ့ သဘောတရားက '**မာတာ ယထာ နိယံပုတ္တံ**'တဲ့။ ကိုယ့်သားသမီးအပေါ်မှာ အမေ့ စိတ်ထားမျိုးကို ဆိုလိုပါတယ်။ သတ္တဝါ အားလုံးအပေါ် မှာ ကိုယ်နဲ့နှိုင်းယှဉ်ပြီး ကိုယ်ချင်းစာတရားကို အခြေခံမှ မေတ္တာစိတ်ကို ပွားနိုင်၊ ထားနိုင်ပါတယ်။

အဲဒီလိုစိတ်ထားမျိုးရှိသူမှာ ဒေါသဆိုတဲ့အမုန်း တရားကို ပယ်ရှားပြီး အဒေါသဆိုတဲ့ အပြစ်မတင် ချစ်ခင် ကြင်နာတဲ့ဂုဏ်တွေ ပြည့်စုံလာပါတော့တယ်။

၅။ **သံဝေဂဗဟုလော**-ရုပ်နာမ်သင်္ခါရဖြစ်တဲ့ ခန္ဓာ ငါးပါးအပေါ်မှာ ထိတ်လန့်တဲ့ '**သံဝေဂဉာဏ်**'ဂုဏ်မျိုး လည်း ရှိဖို့ လိုပါတယ်။

သတ္တဝါတွေဟာ အဝိဇ္ဇာဆိုတဲ့တိမ်တိုက်ရဲ့ ဖုံးကွယ်

http://www.dhammadownload.com


ခံထားရမှုကြောင့် လမင်းအလင်းရောင်ကင်းတဲ့ အမှောင် ထဲမှာလိုဖြစ်နေတော့ သံသရာခရီးတစ်ကြောမှာ အေး ယာဉ်ကလေးကို တမော့မော့စီးနေရသလို ပျော်နေတတ် တာပဲ။

အဲဒီလိုပျော်နေရတာက သံသရာကို ခန္ဓာဒုက္ခတွေနဲ့ ယှဉ်ပြီး သစ္စာအမြင်တွေကန်းနေခဲ့လို့ပဲပေါ့။ သစ္စာအမြင်တွေ အလင်းရအောင်လို့ ခန္ဓာဒုက္ခကို မြင်အောင် ကြည့်ရပါ တယ်။ သိအောင်လည်း လုပ်ရပါလိမ့်မယ်။ ဒါဆိုရင် သံသရာနဲ့ခန္ဓာငါးပါးအပေါ်မှာ ထိတ်လန့်လာမှာအမှန်ပဲ။

၆။ **အကုသလကမ္မပထေ ပရိဝဇ္ဇယန္တော**-အကုသိုလ် ကံ ဒုစရိုက်ဆယ်ပါးကို ရှောင်ကြဉ်ခြင်း '**အရှောင်ဂုဏ်**' လည်း ရှိရပါမယ်။

၇။ **ကုသလကမ္မပထေ သမာစရန္တော**- ကုသိုလ်ကံ သုစရိုက်တရားဆယ်ပါးကို ဆောင်ခြင်း '**အဆောင်ဂုဏ်**' လည်း ရှိရပါမယ်။

၈။ **ပုညကြိယဝတ္ထူနိ ပရိပူရေတိ**၊ကုသိုလ်ကောင်း မှုတရားများ တိုးပွားပြည့်စုံလာနိုင်ကြောင်း '**ပုညအမှုဝတ္ထု**

http://www.dhammadownload.com


**(၁၀)ပါး**'ကို ဖြည့်ကျင့်ခြင်း '**အဖြည့်ဂုဏ်**'လည်း ရှိရပါမယ်။

လူဆိုတာဟာ ရှောင်စရာကိုလည်း ရှောင်ကြဉ်နိုင်ရသလို။ ဆောင်စရာကိုလည်း ဆောင်နိုင်ဖို့ လိုပါတယ်။ ရှောင်နေရုံနဲ့လည်း ဘဝမှာအောင်မြင်မှု မရနိုင်သေးပါဘူး။ ဆောင်နေရုံနဲ့လည်း ဘဝဟာ မပြည့်စုံသေးပါဘူး။

ရှောင်မှုနဲ့ဆောင်မှု ဒီ(၂)ခုလုံးလည်း ပြည့်စုံပြီး 'ပုညကြိယဝတ္ထု' (၁၀)ခုကိုလည်း ဖြည့်ကျင့်ပွားပါမှ မြတ်ဗုဒ္ဓရဲ့ '**မဇ္ဈိမပဋိပဒါ**'လမ်းစဉ်ကျနိုင်ပါတယ်။

ရှောင်စရာဆိုတာက အပြစ်ရှိတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံတွေကို မပြုရ၊ မပြော၊ မကြံစည်ရတာပါ။ ဆောင်စရာဆိုတာက အပြစ်ကင်းတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံတွေကို ပြုရ၊ ပြောရ၊ ကြံရတာပေါ့။

တချို့ကဒီလိုဆိုကြတယ်။ "တို့ကမကောင်းတာတွေကိုလည်းမပြုဘူး။ ပြောလည်းမပြောဘူး။ ကြံလည်းမကြံဘူး။ ဒီတော့ ဘာအပြစ်မှ ဖြစ်စရာမရှိဘူး။ အပြစ်ကင်းနေရင် ကုသိုလ်တွေ အလိုလို ပြည့်စုံနေပြီပေါ့"တဲ့။

http://www.dhammadownload.com



ဒါကတော့ ရှောင်စရာဂုဏ်နဲ့သာ ပြည့်စုံပြီး ဆောင်စရာဂုဏ်မရှိတဲ့ အစွန်းတစ်ဖက်ရောက် အယူပါ။ အဲဒီလို အယူရှိသူတွေအနေနဲ့ ဝိသာခါသူဌေးသမီးလေးက သူ့ယောက္ခမ သူဌေးကြီးကိုပြောတဲ့ "ရှင်တို့ဟာအဟောင်းကိုပဲ စားနေသူတွေ" ဆိုတဲ့စကားကို သတိထားသင့်တယ်။ပြီးတော့ အိမ်ရာထဲက လေးဖက်သွားကလေးလေးတွေနဲ့ ဘယ်လောက်ပိုသာနေမှာလဲ? စဉ်းစားသင့်တယ်။

တချို့ကလည်း "တို့က ဒါနဆိုလည်း ပြုတာပဲ။ ဘုရားလည်း ရှိခိုးတယ်။ တရားဆိုလည်း အကုန်လုံးနာတာပဲ။ ဒီတော့ ကောင်းမှုတွေအားလုံးပြည့်စုံနေပြီ" တဲ့။

ဒါလည်း ဆောင်စရာဂုဏ်နဲ့သာ ပြည့်စုံပြီး ရှောင်စရာဂုဏ်မရှိတဲ့ တစ်ဖက်အစွန်းရောက် အယူအဆပါပဲ။ အလှပြင်တဲ့ မိန်းမပျိုလေးတစ်ယောက်ဟာ ရေမချိုးဘဲ အလှပြင်နေတယ်ဆိုရင်? ဒါမှမဟုတ်၊ ရေတော့ချိုးပါရဲ့ ကြေးမတွန်းဘဲ ပြီးသွားပြီဆိုရင် ဘယ်လိုနေမလဲ? ကိုယ်တိုင်သာပဲ စဉ်းစားကြည့်ပေါ့။

http://www.dhammadownload.com



## မြတ်ဗုဒ္ဓရဲ့မဏ္ဍိုမပင်ငွိပဒါ

လောကမှာ ကုသိုလ်အမှုသာဆိုလို့ရှိရင် ဘာမျှ မကျန်အောင် အကုန်ပြုလေ့ရှိတဲ့ လူတွေလည်းရှိပါတယ်။ သူတို့ကမကောင်းမှုဒုစရိုက်လည်း ရှောင်တယ်။ ကောင်းမှု သုစရိုက်ဆိုလည်း ဆောင်နိုင်တယ်။ ဒါနဆိုလည်း ပြုနိုင်တယ်။ ဥပုသ်သီလလည်း ဆောက်တည်နိုင်တယ်။ တရားပွဲတွေဆိုလည်း မလွတ်တမ်း လိုက်နာနိုင်တယ်။

ဒါပေမဲ့ ရှောင်မှုမှာ လွတ်တဲ့အခါနဲ့ မလွတ်တဲ့ အခါတွေ ရောနေတယ်။ ဆောင်မှုမှာလည်း အောင်တဲ့ အခါ၊ ရှုံးတဲ့အခါတွေ ရှိနေတယ်။ ဖြည့်ကျင့်မှုမှာလည်း ပြည့်တဲ့အခါ၊ လျော့သွား၊ ပါးသွားအခါတွေ ပါနေတတ် ပြန်တယ်။

မလွတ်တဲ့အခါဆိုတာက မှန်တာပြောခွင့် ကြုံရင် အမှန်တိုင်းပဲ တဲ့တိုးပြောချလိုက်တာ။ မကြုံဘူးဆိုရင် တော့ အဆင်ပြေသလိုပဲ ကိုယ်မနစ်အောင် ပြောတာမျိုး ပေါ့။ မအောင်တဲ့အခါဆိုတာ သူ့ကိုလုံးဝ မသတ်ဘူးလို့ ဆောက်တည်ထားပါလျက်နဲ့ သတိလက်လွတ် သတ်မိ လိုက်တာမျိုးတွေပေါ့။

http://www.dhammadownload.com



လျော့သွားတဲ့အခါ၊ ပါးသွားတဲ့အခါ ဆိုတာက တော့ ဒါနတော့ပြုပါရဲ့ ငါမို့ပြုနိုင်တာ၊ သီလတော့ စောင့်ပါရဲ့ လူရှေ့သူရှေ့ဆို စိတ်ပုတီးတကားကားနဲ့ လုပ်ပြနေတာ။ တရားတော့နာပါရဲ့ လူတကာမြင်သာ တဲ့နေရာကို မရရအောင် နေရာလုရတာ။ တရားဟော ပုဂ္ဂိုလ် မမြင် မြင်တဲ့နေရာ ရောက်အောင်သွားရတာ စတာတွေပေါ့။ အဲဒီလိုမျိုး အရောင်တွေ၊ အဆောင်တွေ၊ အဖြည့်မျိုးတွေဟာ သီလ၊ သမာဓိ၊ ပညာဂုဏ်တွေ တိုးပွားလာအောင် ကြိုးစားတာမှန်ပါလျက်နဲ့ အတ္တတွေ၊ မာနတွေ၊ ဒိဋ္ဌိတွေ၊ သာယာမှုတဏှာတွေ ပါပါသွားလေ တော့ အခန့်မသင့်ရင် ကိုယ့်မှာရှိပြီးသား ဂုဏ်တွေတောင် မှ ပါးပါး,လျော့လျော့ သွားတတ်တာ ကုသိုလ်အမှုကို အထင်အရှား ပြုနေသူတွေကြားမှာ အင်မတန်မှကို မြင်သာလှပါတယ်။

ဒါဟာ မြတ်ဗုဒ္ဓအလိုတော်ကျ 'မဇ္ဈိမပဋိပဒါ'ကျ ကုသိုလ် မဖြစ်နိုင်လို့ပါပဲ။ မဇ္ဈိမပဋိပဒါကျတဲ့ ကုသိုလ် မဖြစ်သေးသမျှ လောဘ၊ ဒေါသ၊ မောဟ၊ ဒိဋ္ဌိ၊ မာန တွေနဲ့ အစွန်းနှစ်ဖက်ထဲမှာပဲ တစ်ဖက်ဖက်ကို ပြန်ပြန်

http://www.dhammadownload.com



ကပ်တာပဲ။ အသိဉာဏ်ကြီးတဲ့ ပညာရှင်တွေအဖို့ သတိထား ကြည့်မိလိုက်တာနဲ့ အမှန်တကယ် တန်ဖိုးရှိမှာ သေချာပါတယ်။

## ဗုဒ္ဓအလိုတော်ကျ ပုညဂုဏ်

မဇ္ဈိမပဋိပဒါကျတဲ့ ကုသိုလ်တစ်ခုတိုင်းမှာ နိဗ္ဗာန် ကလွဲရင် ဘာမျှော်လင့်ချက်မှမပါတဲ့ စွန့်လွှတ်မှုစေတနာ 'အလောဘဂုဏ်' လည်း ပြည့်စုံရသလို၊ စိတ်ပျက်၊ စိတ်ဆိုးမှုမပါဘဲ သတ္တလောကအပေါ် ကောင်းကျိုးလိုလားတဲ့ စေတနာ 'အဒေါသဂုဏ်' လည်း ပြည့်စုံရသလို၊ ကုသိုလ် အာရုံတစ်ခုထဲမှာပဲ ကိုယ့်စိတ်ကို လွှမ်းခြုံထုံမွှမ်းထားပြီး ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမစတဲ့ အသိအမြင်မှားတွေ မပါဝင်တဲ့စေတနာ 'အမောဟဂုဏ်' လည်း ပြည့်စုံနေရပါလိမ့်မယ်။

အဲဒီလိုမျိုး အလောဘ၊ အဒေါသ၊ အမောဟ စေတနာတွေ အပြည့်အစုံနဲ့ ပြုလုပ်အားထုတ်ထားတဲ့ ဒါနလေး တစ်ခုသည်ပင် မဂ္ဂင်တရား(၈)ပါးဆိုတဲ့ မဇ္ဈိမ ပဋိပဒါလမ်းစဉ်နဲ့ ညီညွတ်နေလို့ မဂ္ဂသစ္စာထိုက်တဲ့

http://www.dhammadownload.com



'**ဗုဒ္ဓအလိုတော်ကျ ပုညဂုဏ်**'တစ်ခုပဲ ဖြစ်ပါတယ်။ နိရောဓသစ္စာသို့ ဆိုက်ရောက်နိုင်အောင် ဥပနိဿယ သတ္တိနဲ့ ကျေးဇူးပြုနေလို့ ပါရမီမြောက်တဲ့ ကုသိုလ်အဖြစ်နဲ့ '**ဣဒံ မေပုညံ နိဗ္ဗာနဿ ပစ္စယော**'အရ နိဗ္ဗာန်ကို မုချကျိန်းသေ ဗဟိုပြုနေပါတော့တယ်။

အဲဒီနည်းအတိုင်း မြတ်ဗုဒ္ဓရဲ့ အလယ်အလတ် လမ်းစဥ်သဘောတရားနဲ့အညီ ရှောင်စရာကိုလည်း ရှောင်ပါမှ၊ ဆောင်စရာကိုလည်း ဆောင်ပါမှ၊ ဒါန၊ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ အဆင့်ဆင့် မြင့်မြတ်တဲ့ဓမ္မဂုဏ်တွေ ပြည့်စုံလာနိုင်ဖို့အတွက် ကုသိုလ်တစ်ခုမျှနဲ့ မရပ်မနားဘဲ ရှေ့ဆက်ပြီး ဖြည့်ကျင့်အားထုတ်သွားပါမှ မဂ်ဖိုလ်နိဗ္ဗာန် ဆိုတဲ့ '**ဝိမုတ္တိဂုဏ်**'အထိ တန်ဖိုးရှိတဲ့လူ့ဘဝကို ရရှိနိုင် မှာပါ။

အဲဒီလို လူတစ်ယောက်မှာ မဖြစ်မနေရှိနေရမယ့် ဂုဏ်တွေ ပြည့်စုံနိုင်မှလည်း '**အယံ မနုဿဓမ္မပဋိပ္ပဿိတော ပရမတ္တတော မနုဿောနာမ**'တဲ့။

'**ပရမတ္တမနုဿ**'လို့ခေါ်တဲ့ မြင့်မြတ်တဲ့လူ၊ လူဖြစ်

http://www.dhammadownload.com


ကျိုးနပ်သူ၊ အဖိုးတန် လူ့ဘဝကိုရကျိုးနပ်တဲ့ ဂုဏ်သရေရှိတဲ့ လူအစစ် ဖြစ်လာနိုင်မှာပါပဲ။

## ကာမဂုဏ်ထဲက လူ့ဂုဏ်ရည်

လူဆိုတာ ကာမဘုံသားဖြစ်နေတော့ ကာမတဏှာက ဦးခေါင်းထိပ်မှာ မိုးထားခံနေရတော့ ကာမဂုဏ်အာရုံတွေနဲ့ အမြင်၊ အကြား၊ အနံ့၊ အစား၊ အတွေ့တွေနဲ့ပဲ ခံစား၊ စံစားပြီး ပျော်ချင်ပါးချင်၊ မော်ကြွားချင်ကြမှာပေါ့။

ဒါဆိုရင် ကာမဂုဏ်အာရုံတွေကြားမှာပဲ ပျော်ပါး၊ မော်ကြွားရင်း လောဘ၊ ဒေါသ၊ မောဟစတဲ့ အကုသိုလ်အပြစ်တွေဖုံးပြီး ဘဝအဆုံးရှုံးခံမှာလား? မရွေးချင်ဘူးဆိုရင်တော့ အကောင်းဆုံးဖြစ်မယ့် နည်းလမ်းတစ်ခုကို ထပ်ရှာဖွေသင့်တာပေါ့။

မြတ်ဗုဒ္ဓက ကာမဂုဏ်အာရုံတွေ ခံစားပြီး ပျော်ပါး၊ မော်ကြွားနေတဲ့ ပုထုဇဉ်ဘဝသမားတွေအတွက် အရှုံးလုံးဝမရှိတဲ့ ကာမဂုဏ်အာရုံကြားက လူ့ဂုဏ်ရည်လေးတွေကို ထုတ်ဖော် ညွှန်ပြ ပေးထားခဲ့ပါတယ်။

http://www.dhammadownload.com


ကာမဂုဏ်အာရုံတွေကို နေ့စဉ် ခံစားနေကြတဲ့ '**ကာမဘောဂီ**' အမည်ရှိတဲ့ လောကသားတွေကို အခန်းကဏ္ဍ သုံးမျိုးစီနဲ့ ခွဲကြည့်ရပါမယ်။

ပထမတစ်မျိုးက ကာမဂုဏ်အာရုံတွေ ရှာဖွေမှု '**ပရိယေသန**' အပိုင်းပါ။ ဒုတိယတစ်မျိုးက ကာမဂုဏ်အာရုံတွေကို သုံးဆောင်ခံစားမှု '**ပရိဘောဂ**' အပိုင်းပါ။ တတိယအပိုင်းကတော့ ကာမဂုဏ်အာရုံတွေကို လှူ့ဂုဏ်ရည်အတွက် ထုတ်ဖော်အသုံးချပြီး အမြတ်ထုတ်လုပ်မှု '**ဗြဟ္မစရိယ**' အပိုင်းပါ။

အဲဒီအပိုင်းကြီးသုံးခုကြည့်ပြီး ဂုဏ်အဆင့်ခွဲတဲ့အခါ လူ(၁၀)ယောက်တိတိ ကွဲပြားထွက်ပေါ်လာတာကို တွေ့ရပါလိမ့်မယ်။ ပထမ(၃)ယောက်က မတရားနည်း '**မိစ္ဆာအာဇီဝ**'နဲ့စီးပွားရှာပြီး ကာမဂုဏ်အာရုံခံစားသူတွေပါ။

၁။ (က) မတရားနည်းနဲ့လည်း စီးပွားရှာတယ်။

(ခ) မိမိနဲ့ မိသားစုအတွက်လည်း အကျိုးရှိအောင် အသုံးမချဘဲ ဖြုန်းပစ်တယ်။

(ဂ) ရလာတဲ့စီးပွားတွေနဲ့ ရင်းနှီးပြီး ဒါန၊ သီလ၊

http://www.dhammadownload.com


ပုညဂုဏ်တွေအတွက်လည်း အမြတ်မထုတ်နိုင်တဲ့လူမျိုးပါ။

အဲဒီလိုလူမျိုးကတော့ ရှာဖွေမှု, အသုံးချမှု, အမြတ်ထုတ်နိုင်မှု သုံးနေရာလုံးမှာ ဓမ္မဂုဏ် လုံးဝမရှိနိုင်လို့ ကာမဘောဂီလူသားထဲမှာ အပြစ်အကြီးမားဆုံး၊ အညံ့ဖျင်းဆုံး၊ အသုံးမကျဆုံးလူသာ ဖြစ်ပါတယ်။

၂။ (က) မတရားနည်းနဲ့ စီးပွားရှာတယ်။

(ခ) မိမိနဲ့ မိသားစုအတွက်တော့ အကျိုးရှိအောင် အသုံးချတယ်။ ဖြုန်းမပစ်ဘူး။

(ဂ) ရလာတဲ့ စီးပွားဥစ္စာတွေနဲ့ ရင်းနှီးပြီး ဒါန၊ သီလ၊ ပုညဂုဏ်တွေအတွက်တော့ အမြတ် မထုတ်နိုင်တဲ့ လူမျိုးပါ။

အဲဒီလိုလူမျိုးကတော့ ရှာဖွေမှု, အမြတ်ထုတ်နိုင်မှု နှစ်နေရာလုံးမှာ အပြစ်ထိုက်နေလို့ အသုံးချမှု တစ်ခုမှာပဲ ဓမ္မဂုဏ်ပြည့်စုံ နိုင်ပါတယ်။

၃။ (က) မတရားနည်းနှင့်တော့ စီးပွားရှာတယ်။

http://www.dhammadownload.com


(ခ) မိမိနှင့်မိသားစုအတွက်လည်း အကျိုးရှိအောင် အသုံးချတယ်။

(ဂ) ရလာတဲ့ စီးပွားဥစ္စာတွေနဲ့ ရင်းနှီးပြီး ဒါန၊ သီလ၊ ပုညဂုဏ်တွေအတွက်လည်း အမြတ်ထုတ်နိုင်တဲ့လူ။

အဲဒီလိုလူမျိုးက ရှာဖွေမှုတစ်ခုမှာပဲ အပြစ်ထိုက်လို့ အသုံးချမှု၊ အမြတ်ထုတ်နိုင်မှု နှစ်နေရာမှာ ဓမ္မဂုဏ်ပြည့်စုံနိုင်ပါတယ်။

နောက်(၃)ယောက်က မတရားတဲ့နည်း '**မိစ္ဆာအာဇီဝ**'နဲ့ တရားတဲ့နည်း '**သမ္မာအာဇီဝ**'ရောပြီး စီးပွားရှာကာ ကာမဂုဏ်အာရုံကို သုံးဆောင်ခံစားနေသူတွေပါ။

၄။ (က) တရားနည်း, မတရားနည်းရောပြီး စီးပွားရှာတယ်။

(ခ) မိမိနဲ့ မိသားစုအတွက် အကျိုးရှိအောင် အသုံးမချဘဲ ဖြုန်းပစ်တယ်။

(ဂ) ရလာတဲ့စီးပွားတွေနဲ့ ရင်းနှီးပြီး ဒါန၊ သီလ၊

http://www.dhammadownload.com


ပုညဂုဏ်တွေအတွက်လည်း အမြတ် မထုတ်နိုင်သူ။

အဲဒီလိုလူမျိုးက သုံးဌာနလုံးမှာအပြစ်ထိုက်ပြီး တရားနည်းနဲ့ ရှာဖွေတဲ့အခါ တစ်နေရာမှာပဲ ခ်မ္မဂုဏ် ပြည့်စုံနိုင်ပါတယ်။

၅။ (က) တရားနည်း၊ မတရားနည်းရောပြီး စီးပွားရှာတယ်။

(ခ) မိမိနဲ့ မိသားစုအတွက် အကျိုးရှိအောင် အသုံးချတယ်။

(ဂ) ရလာတဲ့စီးပွားတွေနဲ့ရင်းပြီး ဒါန၊ သီလ၊ ပုညဂုဏ်တွေအတွက်တော့ အမြတ်မထုတ်တဲ့သူ။

အဲဒီလိုလူမျိုးက နှစ်ဌာနမှာ အပြစ်ထိုက်ပြီး တရားနည်းနဲ့ ရှာဖွေမှု၊ အသုံးချမှု နှစ်နေရာမှာ ခ်မ္မဂုဏ် ပြည့်စုံနိုင်ပါတယ်။

၆။ (က) တရားနည်း၊ မတရားနည်းရောပြီး စီးပွားရှာတယ်။

http://www.dhammadownload.com


(ခ) မိမိနဲ့ မိသားစုအတွက် အကျိုးရှိအောင် အသုံးချတယ်။

(ဂ) ရလာတဲ့ စီးပွားတွေနဲ့ရင်းပြီး ဒါန၊ သီလ၊ ပုညဂုဏ်တွေအတွက်လည်း အမြတ်ထုတ်သူ။

အဲဒီလိုလူမျိုးက မတရားနဲ့ ရှာဖွေမှု တစ်ဌာနမှာပဲ အပြစ်ထိုက်ပြီး သုံးနေရာလုံးမှာ ဓမ္မဂုဏ် ပြည့်စုံပါတယ်။

နောက်(၃)ယောက်ကတော့ တရားတဲ့နည်း '**သမ္မာ အာဇီဝ**'သက်သက်နဲ့ စင်ကြယ်စွာ စီးပွားရှာပြီး ကာမဂုဏ်အာရုံတွေကို သုံးဆောင် ခံစားနေသူတွေပါပဲ။

၇။ (က) တရားနည်းသက်သက်နဲ့ စီးပွားရှာတယ်။

(ခ) မိမိနဲ့ မိသားစုအတွက် အကျိုးရှိအောင် အသုံးမချဘဲ ဖြုန်းပစ်တယ်။

(ဂ) ရလာတဲ့ စီးပွားတွေနဲ့ရင်းပြီး ဒါန၊ သီလ၊ ပုညဂုဏ်တွေအတွက်လည်းအမြတ်မထုတ်သူ။

အဲဒီလိုလူမျိုးက နှစ်ဌာနမှာ အပြစ်ထိုက်ပြီး တရားနည်းနဲ့ရှာဖွေမှုတစ်နေရာမှာပဲ ဓမ္မဂုဏ်ပြည့်စုံနိုင်ပါတယ်။

http://www.dhammadownload.com


၈။ (က) တရားနည်းသက်သက်နဲ့ စီးပွားရှာတယ်။

(ခ) မိမိနဲ့ မိသားစုအတွက်လည်း အကျိုးရှိအောင် အသုံးချတယ်။

(ဂ) ရလာတဲ့စီးပွားတွေနဲ့ရင်းပြီး ဒါန၊ သီလ၊ ပုညဂုဏ်တွေအတွက်တော့ အမြတ်မထုတ်နိုင်သူ။

အဲဒီလိုလူမျိုးက အမြတ်ထုတ်မှု တစ်ဌာနမှာပဲ အပြစ်ထိုက်ပြီး ကျန်နှစ်နေရာမှာ ဓမ္မဂုဏ် ပြည့်စုံနိုင်ပါတယ်။

၉။ (က) တရားနည်းသက်သက်နဲ့ စီးပွားရှာတယ်။

(ခ) မိမိနဲ့ မိသားစုအတွက်လည်း အကျိုးရှိအောင် အသုံးချတယ်။

(ဂ) ရလာတဲ့စီးပွားတွေနဲ့ရင်းပြီး ဒါန၊ သီလ၊ ပုညဂုဏ်တွေအတွက်လည်း အမြတ်ထုတ်နိုင်သူ။

အဲဒီလိုလူမျိုးကတော့ ရှာဖွေမှု၊ အသုံးချမှု၊ အမြတ်ထုတ်နိုင်မှု သုံးနေရာလုံးမှာ ဓမ္မဂုဏ်တွေ ပြည့်စုံနေနိုင်လို့ အပေါ်(၈)ယောက်လုံးထက် အသာဆုံးလူ၊ အတော်ဆုံးလူသာ ဖြစ်ပါတယ်။

http://www.dhammadownload.com


ဒါပေမယ့် အဲဒီလိုလူမျိုးမှာလည်း နောက်ဆုံး ဓမ္မဂုဏ်တွေ စံချိန်မီပြည့်စုံနိုင်ဖို့အတွက် အားနည်းချက် အပြစ်တစ်ခု ကျန်နေသေးပါတယ်တဲ့။ အဲဒါကတော့ မိမိကိုယ်တိုင် ရှာဖွေရရှိထားတဲ့ စီးပွားဥစ္စာ ကာမဂုဏ် အာရုံတွေအပေါ်မှာ သတိ၊ ပညာကင်းကွာပြီး တဏှာနဲ့ မက်မောသာယာကာ သုံးဆောင်ခံစားခြင်းပဲတဲ့။

လောကမှာရှိတဲ့ ကာမဂုဏ်အာရုံတွေကို နေ့စဉ်ခံစားနေကြတဲ့ '**ကာမဘောဂီ**' လူသားတွေထဲမှာ ရှာဖွေမှု၊ အသုံးချမှု၊ အမြတ်ထုတ်မှု အခန်းကဏ္ဍသုံးမျိုးနဲ့ ဓမ္မဂုဏ်တွေစံချိန်ပြည့်မီသူ လူသားတစ်ယောက်ကို မြတ်ဗုဒ္ဓက (၁၀)ယောက်မြောက် 'ကာမဘောဂီ' လူသားအဖြစ် ညွှန်ပြတော်မူထားပါတယ်။

၁၀။ (က) တရားနည်းသက်သက်နဲ့ စီးပွားရှာတယ်။

(ခ) မိမိနဲ့မိသားစုအတွက်လည်း အကျိုးရှိအောင် အသုံးချတယ်။

(ဂ) ရလာတဲ့ စီးပွားတွေနဲ့ရင်းပြီး ဒါန၊သီလ၊ ပုညဂုဏ်တွေအတွက်လည်း အမြတ်ထုတ်တယ်။

http://www.dhammadownload.com


ပြီးတော့ မိမိရှာဖွေရရှိထားတဲ့ ကာမဂုဏ်အာရုံတွေ အပေါ်မှာတော့ တဏှာနဲ့မက်မောသာယာမှု မပြုဘဲ သတိ၊ သမ္ပဇဉ်ခေါ် 'ဝိပဿနာဉာဏ်ပညာနဲ့ ဆင်ခြင်ပွားပြီး သုံးဆောင်ခံစားလေ့ရှိသူပါပဲ'တဲ့။

## ရွှံ့ညွှန်ထဲက ကြာလိုလူ

ကာမဂုဏ်စည်းစိမ်ခံစားသူ လူတွေထဲမှာ (၁၀) ယောက်မြောက် ကာမဘောဂီလူမျိုးဟာ ကာမဂုဏ်အာရုံတွေကြားမှာ သားတွေ၊ မယားတွေ၊ ခင်ပွန်းတွေ၊ ပစ္စည်း, ဥစ္စာတွေ, အာဏာ, ရာထူးစတာတွေ ဘယ်လောက်ပဲ အစုံအလင် ရှိနေပါစေ။

လောဘ၊ ဒေါသ၊ မောဟဆိုတဲ့အကုသိုလ်အပြစ်တွေ အဖုံးအလွှမ်းမခံဘဲ ကာမဂုဏ်အာရုံတွေနဲ့ လောကထဲမှာ နေရင်းပဲ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ဝိမုတ္တိဂုဏ်၊ ဝိမုတ္တိဉာဏဒဿနဂုဏ်အထိ ဓမ္မဂုဏ်တွေ အစုံအလင်ပြည့်စုံလာအောင် အားထုတ်နိုင်တဲ့အခါ ရွှံ့ညွှန်ထဲက ပဒုမ္မာကြာနဲ့တူတဲ့ လောကထဲမှာ 'ဂုဏ်သရေအရှိဆုံးလူ' ဖြစ်ပါတော့တယ်။

http://www.dhammadownload.com



လောကဥပမာအနေနဲ့ကြည့်ရင် နွားနို့ရည်ကနေ နို့ဓမ်း၊ နို့ဓမ်းကနေ ဆီဦ၊ ဆီဦကနေ ထောပတ်၊ ထောပတ်ကနေ ထောပတ်ကြည်သို့ အဆင့်ဆင့် ပြောင်းလဲပြီး အကောင်းဆုံးဖြစ်အောင် လုပ်ရသလိုမျိုးပါပဲ။

ဒါကြောင့် ကာမဘောဂီလူ(၁၀)မျိုးထဲမှာ တစ်ဆင့်ထက်တစ်ဆင့် ရင့်ကျက်မြင့်မြတ်တဲ့ ဓမ္မဂုဏ်အလုံးစုံ ပြည့်စုံသူဖြစ်အောင် အကုသိုလ် ဒုစရိုက်တွေမှလည်း ရှောင်ပါ။ ကုသိုလ် သုစရိုက်တွေကိုလည်း ဆောင်ပါ။ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာတွေကိုလည်း ဖြည့်ကျင့်ပွားများပါ။

ပြီးတော့ သတ္တဝါသခ်ါရဆိုတဲ့ လောကကြီးကို ဝိပဿနာဉာဏ်ပညာနဲ့ယှဉ်ပြီး ရုပ်နာမ်သိ၊ ဖြစ်ပျက်အသိ၊ မမြဲသိ၊ ဆင်းရဲသိ၊ အတ္တအနှစ်အသားမရှိတာသိတွေနဲ့ ယှဉ်ကာ-

(၁) ဒုက္ခ-သစ္စာအမြင်

(၂) ဒုက္ခအကြောင်း-သစ္စာအမြင်

http://www.dhammadownload.com

**ထုတ်ဝေသူ**

ရန်ကုန်မြို့၊ ကမ္ဘာအေး
သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန
ပုံနှိပ်ထုတ်ဝေရေးဌာနခွဲ
ညွှန်ကြားရေးမှူး ဦးဝင်းနိုင်
(မှတ်ပုံတင်အမှတ် ၀၃၈၄၃/၀၂-၄၀၅)က
ထုတ်ဝေခွင့်ပြုသည်။

**မျက်နှာဖုံးနှင့် အတွင်းကာလာခွဲ**

NEW DAY Graphic Design Scanning, Color Separation
အမှတ်(၁၄၈)၊လမ်း (၅၀)ထက်၊ပုဇွန်တောင်မြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၀၁-၂၀၁၄၃၇၊ ၂၉၈၆၄၂

**မျက်နှာဖုံးနှင့် အတွင်း ပုံနှိပ်သူ**

ဦးကျော်စန်းလင်း (ယာယီ-၈၆၉) EVER GREEN Offset
အမှတ်(၁၉၉)၊ လမ်း(၅၀)ထက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။